SAMPLE BOOK

# ဧဒါမျိုး

# စာရေးစားပွဲ ထိုင်တဲ့ရှေ့

အက်ဆေးများ



mgyoe.com SAMPLE BOOK




စာရေးစားပွဲထိုင်တဲ့နေ့
9 782025 001279

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၂၇)

ပုံနှိပ်မှတ်တမ်း



# နေမျိုး

## စာရေးစားပွဲထိုင်တဲ့နေ့

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ နေမျိုး

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၈၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း။
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး။ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား။
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

နေမျိုး
စာရေးစားပွဲထိုင်တဲ့နေ့ / နေမျိုး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၅၂။ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၂၇) စာရေးစားပွဲထိုင်တဲ့နေ့

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | အမှာစာ | ၆ |
| ၁။ | စာရေးစားပွဲထိုင်တဲ့နေ့ | ၉ |
| ၂။ | စာရေးစားပွဲထိုင်တဲ့နေ့ (၂) | ၁၃ |
| ၃။ | စာရေးစားပွဲထိုင်တဲ့နေ့ (၃) | ၁၇ |
| ၄။ | စာရေးစားပွဲထိုင်တဲ့နေ့ (၄) | ၂၀ |
| ၅။ | စာရေးစားပွဲထိုင်တဲ့နေ့ (၅) | ၂၅ |
| ၆။ | စာရေးစားပွဲထိုင်တဲ့နေ့ (၆) | ၂၉ |
| ၇။ | စာရေးစားပွဲထိုင်တဲ့နေ့ (၇) | ၃၃ |
| ၈။ | စာရေးစားပွဲထိုင်တဲ့နေ့ (၈) | ၃၇ |
| ၉။ | စာရေးစားပွဲထိုင်တဲ့နေ့ (၉) | ၄၁ |
| ၁၀။ | စာရေးစားပွဲထိုင်တဲ့နေ့ (၁၀) | ၄၅ |
| ၁၁။ | စာရေးစားပွဲထိုင်တဲ့နေ့ (၁၁) | ၄၇ |
| ၁၂။ | စာရေးစားပွဲထိုင်တဲ့နေ့ (၁၂) | ၅၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁၃။ စာရေးစားပွဲထိုင်တဲ့နေ့ (၁၃) ၅၇
၁၄။ စာရေးစားပွဲထိုင်တဲ့နေ့ (၁၄) ၆၁
၁၅။ စာရေးစားပွဲထိုင်တဲ့နေ့ (၁၅) ၆၅
၁၆။ စာရေးစားပွဲထိုင်တဲ့နေ့ (၁၆) ၆၉
၁၇။ စာရေးစားပွဲထိုင်တဲ့နေ့ (၁၇) ၇၃
၁၈။ သိမ်းဆည်းထားတဲ့ အရေးအသား ၇၇
၁၉။ ကလေးဘဝ၌ လေယာဉ်ပျံကို အိပ်မက်မြင်ခြင်း ၈၁
၂၀။ မှိုများ တွေ့ရှိခြင်း ၈၅
၂၁။ ၁၉၉၀ ခုနှစ်ကဆောင်း ၈၉
၂၂။ ကျွန်တော် မိုးကောင်းကင်ကြီးကို မြင်ရတယ် ၉၃
၂၃။ မိုးနှံဆူးနဲ့ ရွှံ့တုံး ၉၇
၂၄။ ငှက်ပျောရွက်သေနတ် ၁၀၁
၂၅။ ထိန်အောင်လင်း (ဥသျှစ်ပင်) အတွက် အမှာစာ ၁၀၅


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၂၆။ | နေမော်ဟိန်းအတွက် အမှာစာ | ၁၀၉ |
| ၂၇။ | ဈေးပေါသော စံပြမယ် | ၁၁၃ |
| ၂၈။ | ရှေးဟောင်းသုတေသီ | ၁၁၅ |
| ၂၉။ | ချွေတာရေးသမား | ၁၁၇ |
| ၃၀။ | အသုံးအဖြုန်းကြီးသူ | ၁၂၀ |
| ၃၁။ | နှုတ်ခွန်းဆက် | ၁၂၅ |
| ၃၂။ | အသားတုံးကို မြည်းကြည့်ခြင်း | ၁၂၉ |
| ၃၃။ | မြို့ကျိုးကန်း | ၁၃၃ |
| ၃၄။ | ယုံတမ်းစကား | ၁၃၇ |
| ၃၅။ | ယုံတမ်းစကား (၂) | ၁၄၁ |
| ၃၆။ | မြေပဲတောင့် | ၁၄၅ |
| ၃၇။ | ဆိတ်ကျောင်းသားဖြတ်သန်းသွားခြင်း | ၁၄၉ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

သစ်ပင်တစ်ပင်မှာ ပိုက်ပျိုးတဲ့အချိန်ရှိတယ်၊
အညွန့် အကိုင်းအခက် ထွက်တဲ့ အချိန်ရှိတယ်၊
ခက်လက် အပွင့် ဝေဆာတဲ့ အချိန်ရှိတယ်၊
ပြီးရင် မှည့်ချိန် သီးချိန်ရှိမယ်လို့ ကြားဖူးပါတယ်။
ကျွန်တော် ဒီစာအုပ်ကို ရေးခဲ့တာ ၂၀၂၀
ကပါ၊ ပိုက်ပျိုးခဲ့ ရေလောင်း ပေါင်းသင်ခဲ့
တယ်၊ ဒါပေမဲ့ စာအုပ်က ထွက်မလာခဲ့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အခု ဒီစာမူတွေကို တာဂါ မြို့ငြင်ကနေ
ထွက်ပြီးပြီ ဘောင်ကြီးပမ်း ပြန်ဆောင်နိုင်
ခဲ့ပါပြီ။ တချို့ ဒုတွေလည်းဆွဲရောက်
ဘောင်ဘောင်ကြီးကြီး နိုင်ခဲ့ပါပြီ။
အခုလို ပုံနှိပ်ဝေခြင်းကို ဘယ်လိုမှ
ကိုတ်ဘယ်သူ့ မြန်မာစာပြ ညီနိုင်မှာပါ။

NAY OAW
2025
JAN 15 (ဧရာမျိုး)

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com

ဩဂုတ်လရဲ့ ညဦးယံ
ရှည်လျားပျင်းရိဖွယ် နေ့ရက်များဖြစ်နေမလား
အဲဒီလိုမထင်စေချင်
ကိုယ် ဘာကြောင့်ပျော်ရွှင်တယ်
ပြောပြဖို့ ခက်လိမ့်မယ်

၁၈. ၈. ၂၀၁၉

ရထားက ဖြည်းဖြည်းချင်း ခုတ်မောင်းပြီး ဥဩသံရှည်ကို တွန့်လိမ်သွားအောင် မှုတ်ထုတ်ကာ ဘူတာသို့ ဝင်ရောက်လာသည်။ ငါ ပျင်းရိလှပြီကွယ်။ နေ့တာကလည်း ရှည်လျားလွန်းဘိ။ သစ်ရွက်တွေဟာ ပင်စည်မှာ ငြိမ်သက်မြဲငြိမ်သက်လို့ နေတာ။ မီးရောင်ဟာ ဩဂုတ်လရဲ့ ညဦးယံထဲမှာ ရီဝေလို့။ ကုန်ဆုံးခဲ့တဲ့နှစ်တွေကို ပြန်သတိရနေသူလိုပေါ့။ နေ့ရက်များဟာ မကုန်ဆုံးနိုင် ရောက်လာခဲ့တာ။ မြို့ကလေးရဲ့ ကတ္တရာလမ်းမဟာ နွေးနေသေးဆဲ။ ငါ့သတိရခြင်းရဲ့ အဝေးက အိမ်ကလေးဟာ မီးရောင်လင်းထိန်လို့ ရှိနေမှာပဲ။ အဲဒီမှာ အဲလစ်ကလေး စာအံခဲ့တာ။ အဲဒီမှာ သူ့အမေကို အဲလစ်ကလေးက မေးခွန်းတွေ ထုတ်ခဲ့တာ။ သွပ်ခေါင်မိုးက ကျွတ်ကျွတ်မြည်။ သူ နာကျင်လို့ ဖြစ်ကောင်းဖြစ်မည်။ အဲဒီနောက်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

အဲလစ်ကလေး အိပ်ပျော်သွားခဲ့။ နှစ်ပေါင်းများစွာ။ အခု ဩဂုတ်လရဲ့ ညဦးယံမှာ သူနိုးလာခဲ့ပြီ။

မဝင်းမေ
စာရွက်အဟောင်းတွေသာ
အခြားဘာမှမရှိ
ငါ့ဆီက သူရခဲ့တာ။

၁၈. ၈. ၂၀၁၉

မင်းတို့မြင်တဲ့အတိုင်း စာရွက်အဟောင်းတွေပါပဲ။ လေတိုက်လျှင် လှုပ်သည်။ အရောင်က ဝါကျင်ကျင် ဖြစ်နေပြီ။ ဒီစာရွက်ပေါ်မှာ မှိန်ဖျော့တဲ့ အက္ခရာ အချို့ဟာ ဖတ်ရှုသူ မရှိခဲ့တာ ကြာမြင့်လှပြီလေ။ ပိုးဟပ်တွေက ဒီစာရွက် ဝါကျင်ကျင်တွေကို ကိုက်ဖြတ်မစားကြ။ ကေန္တ အရသာမရှိဘူးလို့ ငါခန့်မှန်းတယ်။ မင်းက သောက်တလွဲပြောတတ်တဲ့ ငနဲပဲ။ ဒီစာရွက်တွေဟာ ပိုးသတ်ထားလို့သာဖြစ်မှာ။ အရူးရဲ့ တော်စမ်း။ ဒီစာရွက်တွေကို တောင်ပေါ်သူတစ်ယောက်က သိမ်းဆည်းခဲ့တာ။ နှစ်ပေါင်းများစွာ။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

အလိုလိုနေရင်း မျက်ရည်ကျ
ငါ့မျက်လုံးတွေ
ဝမ်းနည်းချိန်ရောက်ပြီလေ။

၁၈. ၈. ၂၀၁၉

လူတစ်ယောက်ဟာ စားပွဲမှာ ထိုင်လို့ ငြိမ်သက်နေနိုင်တယ်။ ဒါပေမဲ့ သူ့မျက်လုံးအစုံက စီးကျလာတဲ့ မျက်ရည်ကိုဖြင့် ထိန်းသိမ်းနိုင်ဖို့ မလွယ်။ ဟိမဝန္တာတောကြီးက နက်တယ်။ လူသူရောက်နိုင်ခဲ့တဲ့ ကန်သာအလယ်မှာ ကြာပန်းပွင့်တယ်။ ညအခါ တောကောင်တွေဟာ မအိပ်စက်ဘဲ ဟိန်းဟောက်ကြတယ်။ တောနက်လွန်းသမို့ ငါတို့ကြားနိုင်ဖို့ မလွယ်။

မြွေဟောက်ဟာ တွင်းထဲမှာ ဆောင်းရာသီ တစ်ခုလုံး ခွေလို့နေတယ်။ လင်းဆွဲဟာ သစ်ကိုင်းမှာ ဇောက်ထိုးချိတ်လို့ အိပ်စက်တယ်။ ရေကန်ထဲက ကြာပန်းပွင့်အောက်မှ ဖားသူငယ်တောကောင်ကြီးတွေ ဟိန်းဟောက်ရင် ပုန်းအောင်းတယ်။ ဒီအကြောင်းတွေ ပြောပြချင်တယ်။ မတတ်နိုင်တော့ လူတစ်ယောက်က မျက်ရည်လည်။

mgyoe.com

mgyoe.com SAMPLE BOOK

**မဝင်းမေ**
**ဆရာဝန်ရှိမယ်ဆို**
**ကမ္ဘာအဆုံးထိ**
**လူနာတင်လှည်းကို တကျွီကျွီတွန်းသွားလို**
**သူ့ကို ကြည့်ရှုပေးပါ။**

**၁၈. ၈. ၂၀၁၉**

သူသည် လူနာတင်လှည်းကို တကျွီကျွီ တွန်းလာသည်။ နေရောင်က ပူပြင်းလှသည်။ သူသည် သဲကန္တာရတစ်ခုကို ဖြတ်ကာ တရွေ့ရွေ့ တွန်းလာသည်။ တွန်းလှည်းပေါ်မှာ အသက်ငင်နေသော လူမမာ။ စွံပလွံပင်အောက်ကို သူဖြတ်တော့ အသီးကြွေကျတယ်။ သူလည်း စွံပလွံသီးကို ကောက်ယူကာ လူနာတင်တွန်းလှည်းကို တွန်းလာသည်။ မိုးကောင်းကင်သည် နီစွေးလျက် နေလုံးသည် အနောက်ကျွန်းသို့ ငုပ်သျှိုးချေပြီ။ မိုးသားများ တရိပ်ရိပ် တက်လာကာ နယ်ရှစ်ခွင်ပတ်လုံး ပိတ်ဖုံးသွားချေပြီ။ ကျွန်ုပ်တို့သည် ညဥ့်ယံရောက်တိုင်း အိမ်ရှေ့လမ်းမှ လူနာတင်တွန်းလှည်း တကျွီကျွီမြည်သံကို မြို့ထဲဘက်လမ်းများရှိ လူအချို့ ကြားခဲ့ရသည်ဟုလည်း ဆိုကြသည်။ တစ်ခါတစ်ရံ တိုးဖျော့နွမ်းလျသော အသံယဲ့ယဲ့ဖြင့် ရောက်ပြီလားဟု မေးမြန်းသံကိုလည်း ကြားရတတ်သေးသည်ဟုဆို၏။ ညဥ့်နက်ပြီ။ မြို့ကလေး၏ လမ်းများက တိတ်ဆိတ်လျက်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

သဘင်သည်တွေ
လင်းကွင်းနှစ်ဖက်မရှိလို့
တစ်ခြမ်းထဲ တုတ်နဲ့တီးနေသံ ကြားပ
ဘယ်ဆိုင်းအဖွဲ့ကများလည်း ငါစဉ်းစားမိရ
၁၈-၈-၂၀၁၉

လင်းကွင်းသည် သူချည်း တီးမှုတ်ရသော တူရိယာမဟုတ်ချေ။ လင်းကွင်းသည် ဆိုင်းဝိုင်းကြီးနှင့် တွဲဖက်၍ တီးမှုတ်ရသော တူရိယာဖြစ်သည်။ လင်းကွင်းကို ကြေးဖြင့် ပြုလုပ်ထားပြီး အဝိုင်းသဏ္ဍာန်ရှိကာ အလယ်၌ မို့မောက်သော နေရာရှိသည်။ လင်းကွင်းကို ပတ်မကြီးနှင့် တွဲဖက်တီးခတ်လျှင် မြူးကြွဖွယ် ဂီတသံကို ကြားရပေသည်။ လင်းကွင်းကို အုပ်စုံတီးလင်းကွင်း၊ ပတ်မတီးလင်းကွင်း၊ စည်တော်ကြီးလင်းကွင်းဟူ၍ အကြမ်းအားဖြင့် ခွဲခြားနိုင်သည်။ စည်တော်ကြီးလင်းကွင်းမှာ အရွယ်အစားကြီးမားပြီး စည်ယွမ်းရာတွင် တီးခတ်အသုံးပြုပါက ခံ့ညားသော ဂီတသံကို ကြားရနိုင်သည်။ ပတ်မနှင့်လင်းကွင်းကို အချက်ကျကျ တီးခတ်လျှင် နားဝင်ပီယံဖြစ်၍ ခွန်အားပြည့်ဝသော ဂီတသံကို ဖြစ်ပေါ်စေသည်။ အုပ်စုံတီးလင်းကွင်းမှာ စခွန့်၊ အိုးစည်၊ ဒိုးပတ်များဖြင့် တွဲဖက်၍ တီးကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လင်းကွင်းတီးရာတွင် လက်ကျမှန်ရသည်။ လက်ကျမမှန်လျှင် လင်းကွင်းကွဲတတ်၏။ လင်းကွင်းနှစ်ခု စုံတီးရ၏။ ကျွန်ုပ်သည် ဆိုင်းပွဲ၊ နတ်ကနားပွဲ၊ ဇာတ်ပွဲများတွင် လင်းကွင်းသံကို နားစိုက်ထောင်လေ့ရှိသည်။ အက်ကွဲနေသော လင်းကွင်းသံ၊ တစ်ခြမ်းတည်း တုတ်နှင့်တီးနေသော လင်းကွင်းသံ၊ ပဲ့နေသော လင်းကွင်းသံများမှာ နားစိုက်ထောင်လျှင် သိသာခွဲခြားနိုင်၏။ လင်းကွင်းသံကို ပွဲခင်းတစ်ခုမှ ကြားနေရ၏။ နားဆင်ပါ။

၁၉၉၀ က အိပ်မက်
စာရေးဆရာပေါက်စဘဝ
ငါ ညညအိပ်မက်ထဲမှာ
ဖောင်တိန်ကို မြင်မက်ခဲ့ပေတာ။

၁၈. ၈. ၂၀၁၉

ညက အိပ်မက်ထဲမှာ ဖောင်တိန်ကို မြင်မက်တယ်။ မနက်လင်းလို့ နိုးလာတော့ မှတ်မိနေတုန်းပဲ။ ဖောင်တိန်ကိုလေ။ ကျွန်တော် အဲလိုအိပ်မက်တွေ မကြာခဏမက်တယ်။ တစ်ခါတုန်းက လမ်းပေါ်မှာ ဖောင်တိန်တစ်ချောင်း ကောက်ရတယ်လို့ မြင်မက်ခဲ့တယ်။ ဖောင်တိန်က ခလုတ်သုံးချက်ပါတယ်။ အရောင်သုံးမျိုးနဲ့ ဘောလ်ပင်ပေါ့။ ကျွန်တော်က အိပ်မက်ကို ယုံကြည်စွဲလမ်းသူတစ်ယောက် မဟုတ်ပေမယ့် ဖောင်တိန်ကို မီးခိုးမထွက်သော စက်ရုံကလေးလို့ စာတစ်ပုဒ်ထဲမှာ ကျွန်တော်ရေးဖူးတယ်။ ဝတ္ထုတစ်ပုဒ်ဟာ ဖောင်တိန်ထဲမှာ အရည်ပျော်နေတယ်လို့လည်း ဖွဲ့ခဲ့ဖူးရဲ့။ ဒီညမှာဖြင့် ဈေးကြီးကြီး ပေးဝယ်ထားရတဲ့ ကျွန်တော့်ဖောင်တိန်ကို သေသေချာချာ ကြည့်မိတယ်။ လက်ထဲမှာ အနေကြာလို့ ချွေးစားပြီး သတ္တုရောင်ပွန်းနေတဲ့ ဖောင်တိန်ကိုလေ။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com

ဆိုင်းဆရာကတော်
အမေကလေ
အဖေ့ပုဆိုးဟောင်းကိုဖျက်
ကျွန်တော်တို့အတွက် အင်္ကျီချုပ်ပေးတာ
နွေရာသီ ကျောင်းကြီးပိတ်ချိန်မှာ။
၁၈-၈-၂၀၁၉

နွေရာသီကျောင်းကြီး ပိတ်ပြီလေ။ အမေက ကျွန်တော်တို့ ဝတ်ဖို့ နွေရာသီ အင်္ကျီချုပ်ပေးတယ်။ ကျွန်တော်တို့ ဆော့ကစားတဲ့အခါ ကျောင်းဝတ်စုံနဲ့ မဖြစ်ဘူးလေ။ ဒါကြောင့် အဖေ့ပုဆိုးဟောင်းတွေကို ဖျက်ပြီး လည်ပင်းပေါက်၊ လက်ပေါက်ပါတဲ့ ပုံစံရှင်းရှင်း အင်္ကျီတွေ ချုပ်ပေးခဲ့တာ။ စက်ချုပ်ဆရာက ဦးသောင်းလှိုင်တဲ့။ စကားနည်းတယ်။ သူ့ဘာသာ အပ်ချုပ်စက်တစ်လုံးနဲ့ တကုပ်ကုပ် ချုပ်နေတာ။ သူ့စက်ချုပ်ဆိုင်က ဈေးထဲမှာဆိုတော့ ကျွန်တော်တို့ညီအစ်ကိုတွေ ငါးယောက်စလုံး ဈေးထဲသွားပြီး ဦးသောင်းလှိုင်ဆီမှာ ပေကြိုးနဲ့ တိုင်းကြရတယ်။

ဈေးထဲမှာ မာလကျင်နဲ့ တက်ထရွန်စတွေ ရှိတယ်။ ဒါပေမဲ့ အမေက အဖေ့ပုဆိုးဟောင်းနဲ့ပဲ ကျွန်တော်တို့ နွေရာသီအင်္ကျီတွေ ချုပ်ပေးခဲ့တာ။ စက်ချုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ဦးသောင်းလှိုင်က မာလကျင်တို့ တက်ထရွန်တို့ဆို ချုပ်ပေးချင်မှာပေါ့။ ဒါပေမဲ့ အဖေ့ပုဆိုးဟောင်းတွေကိုသာ အကျီဖြစ်အောင် သူက ချုပ်ပေးခဲ့တာ။ နှစ်တွေ ကြာမြင့်ခဲ့ပါပေါ့။

ဆိုင်းကား
အဖေ့နာမည် ရေးထိုးထားတဲ့ ဘင်ကို
ကျွန်တော်က တဒိန်းဒိန်းတီးလို့
သုံးတန်ကားကြီးနဲ့ ရွာကိုဝင်
အလှူပွဲတီးဖို့ပင်

၁၈. ၈. ၂၀၁၉

ရွာစားစိန်တင်ဟန် မင်္ဂလာဆိုင်းအဖွဲ့ဟု ဘင်မျက်နှာဝနှစ်ဖက်မှာ ရေးထိုးထားသည်။ စက်ဝိုင်းပုံကွေးညွတ်နေသော စကားလုံးများဖြစ်သည်။ ဆိုင်းကားက သုံးတန်ကားဖြစ်သည်။ ဆိုင်းသေတ္တာများအပေါ်တွင် ဘင်ကို တင်ထားသည်။ ကျွန်တော်က ကားခေါင်းပေါ်ထိုင်၍ လိုက်ပါလာသည်။

ဆိုင်းကားသည် မန္တလေးမြို့မှ ပြင်ဦးလွင် - လားရှိုးအထွက်လမ်းမှ ချိုးကွေ့သွားရသော အိုင်ကြီးဆိုသည့်ရွာကို သွားနေသည်။ ဆိုင်းကားပေါ်မှာ ဆိုင်းသေတ္တာများနှင့် ဆိုင်းသမားများ လိုက်ပါလာကြသည်။ ဆိုင်းကားရွာကိုဝင်တော့ ကျွန်တော်က အဖေ့နာမည် ရေးထိုးထားတဲ့ဘင်ကို တဒိန်းဒိန်းတီးသည်။ ရွာထဲက ကလေးတွေ၊ လူကြီးတွေ၊ မိန်းမကြီးတွေ၊ မိန်းကလေးတွေ ထွက်လာကာ ကြည့်ကြသည်။ စာကို ဖတ်ကြသည်။ လက်များ ဝှေ့ရမ်းပြကြသည်။

♦♦♦


mgyoe.com

mgyoe.com

SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

အကျွန်တို့ ငရုတ်သီးစပ်တုန်းက
စားလက်စကို ရပ်ပြီး
လျှာကို လေထဲမှာ
ထုတ်ထားရတယ်
ဘာမှမတတ်နိုင်ဘူး
ငရုတ်သီးက ပန်းကန်ထဲမှာ
နီရဲလျက်

၂၉. ၈. ၂၀၁၉

နေသာသော နေ့တစ်နေ့ပါပဲ။ ကျွန်တော့်ကို မဝင်းမေက ငရုတ်သီးပုံပြင် ပြောပြနေတယ်။ ငရုတ်သီးကို ရှမ်းလို 'မဖြစ်' ခေါ်သတဲ့။ ရှမ်းအသံထွက် ဗမာ အဓိပ္ပာယ် 'မဖြစ်'ဟာ ပျော်ရွှင်ဖွယ်နေ့တစ်နေ့ကို စတင်ခဲ့တယ်။ ဗမာက သူ့ဇနီး ရှမ်းမကြီးကို ဒီမိန်းမနဲ့ 'မဖြစ်'ပါဘူးလို့ ရေရွတ်လိုက်မှ ငရုတ်သီးရလာတဲ့ ဇာတ် လမ်းလေး။ ကျွန်တော်က နတ်ချင်းထဲမှာ ထည့်သွင်းဆိုလေ့ရှိတဲ့ မြန်မာသီချင်း တစ်ပိုင်းတစ်စကို ဒီလိုဆိုတယ်။ "ငရုတ်သီးနီနီကျိုးချိုလို့သွား၊ လိုက်ပါလိုက်ပါ ကိုမျက်ကန်း တုတ်တိုနဲ့ရမ်း"တဲ့။ အချစ်မှာ မျက်စိမရှိဘူးတဲ့။ ငရုတ်သီးက စပ်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်တဲ့။ ပိုပြီးသေချာအောင် ဒီလို ဆိုပြန်တယ်။ ငရုတ်မှန်လျှင် စပ်လိမ့်မည်တဲ့။ မိုးမျှော်ငရုတ်တဲ့ ကျွန်တော့်ဘိုးလေးစိုက်လို့ ငယ်ငယ်က မြင်ဖူးတယ်။ ငရုတ်သီးတောင့်ကလေးက အပေါ်ကိုထောင်ပြီး သီးနေတာ။ ကုလားအော်ငရုတ်တဲ့။ အဓိပ္ပာယ်က သိပ်စပ်တယ်လို့ ဆိုတာပါပဲ။ အဖေ့ကိုချစ်တဲ့ရွာဆီ ကျွန်တော်တို့ ငယ်ငယ်က ဆိုင်းကားကြီးနဲ့ လိုက်သွားလို့ ရောက်ဖူးတယ်။ အဲဒီရွာက ဝင်းမြိုင်ဆိုတဲ့ ကောင်မလေးက ကျွန်တော်တို့ပြန်တော့ ငှက်ပျောဖက်နဲ့ ထုပ်ထားတဲ့ အထုပ်သေးသေး နှီးစစည်းပြီး ပေးလိုက်တယ်။ အိမ်ရောက်မှ ဖြည်ကြည့်နော်လို့ မှာလိုက်တယ်။ ကျွန်တော် တော်တော်နဲ့ ဖြည်မကြည့်ပါဘူး။ မနေနိုင်လို့ လှည်းပေါ်မှာပဲ ဖြည်ကြည့်လိုက်တော့ ငရုတ်သီးတောင့်သေးသေးလေးတွေ။

အကျွန်တို့ ပဲကို ရေစိမ်တုန်းက
မြေအိုးထဲမှာ
ပဲကို ထည့်ရေလောင်း
နောက်နေ့ရောက်တော့
အခွံတွေပွ
ဟိုမှာမြင်နေရတဲ့
အညှောင့်ကလေးတွေ။

၂၉. ၈. ၂၀၁၉

လူတစ်ယောက် ထမင်းစားနေတုန်း သူ့အနားသွား၊ ထမင်းတစ်လုပ်စားရင် ပဲစေ့တစ်စေ့၊ ထမင်းတစ်လုပ်စားရင် ပဲစေ့တစ်စေ့ယူထား။ (ပဲစေ့တွေ ကိုယ်က ယူသွားရမှာတဲ့) အဲဒီလူကိုမုန်းရင် ပဲစေ့တွေ ရေစိမ်လိုက်ပါ။ ပွလာရင် အဲဒီလူ ဗိုက်နာပြီတဲ့။ မှော်စာအုပ်ထဲမှာ ဖတ်ဖူးတာ။ ကျွန်တော်က ပဲစေ့ကလေးတွေကို မြေကြီးထဲမှာ စိုက်ခဲ့တာ။ အမေနဲ့နာမည် ဆင်တူတဲ့ရွာက 'စိန်တင့်'တို့ ပေးလိုက်တဲ့ ပဲစေ့တွေ။ မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက်ကျတော့ ပဲပင်ကလေးတွေ အညှောင့်ထွက်ပြီးပေါက်လာ။ ဝါးခြမ်းကလေးတွေ တိုင်ထောင်ပေးတော့ အလုအယက် နွယ်တက်လာလိုက်ကြတာ။ အညွန့်အခက်တွေ တဝေဝေနဲ့ ဝင်းထရံမှာ ပဲတွေသီးခဲ့ပုံ။ ပဲပုစွန်တွေလေ။ ရွာက ခင်မာရီတို့ပေးတဲ့ ကုလားပဲစေ့ကိုတော့ မြေအိုးထဲမှာ ထည့်လို့ ရေစိမ်တယ်။ နူးပွပြီး အညှောင့်ထွက်လာပြီလား သွားသွားကြည့်ရတာ

mgyoe.com

mgyoe.com SAMPLE BOOK

လည်း အမောပဲ။ ပဲညှော်ငှ့်ထွက်စပြုပြီဆိုရင် အဝတ်စိုနဲ့ထုပ်လို့ ရေအိုးစင်အောက် ထားလိုက်တော့သည်ပင်။ ကုလားပဲပင်ပေါက်ကို နူးအိအောင် ပြုတ်၊ အာလူး ပူစိနံ့ ကြက်သွန် မဆလာနဲ့ အမေက ကျကျနန သုပ်ပေးပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

အကျွန်တို့ အဝတ်လျှော်တုန်းက
ချွေးခံအကျႌအိတ်ထဲက
ဒင်္ဂါးပြားကို
တွေ့ရတယ်
မည်စည်နဲ့ရတယ် သင်းသင်း
မမကြီး ပျင်းရိတော်မူတယ်။

၂၉. ၈. ၂၀၁၉

ကျွန်တော် ရေးသားဖော်ပြခဲ့ဖူးပါတယ်။ အ. ထ. က-၁၄ မှာ ကျွန်တော် ကျောင်းတက်နေစဉ် တစ်ရက်မှာ သူငယ်ချင်းက "ဒီနေ့ ငါ့အမေ ဘော်လီအကျႌ အိတ်ထဲက ပိုက်ဆံအစိတ် ကောက်ရတယ်"တဲ့။ ကျွန်တော်တို့ သူငယ်ချင်းတွေကို မုန့်လိုက်ကျွေးတယ်။ အဲဒီပိုက်ဆံကုန်အောင် သူ တော်တော်သုံးယူရပါတယ်။

"အဖေ ဂျင်းဘောင်းဘီအိတ်ထဲ ခေါက်ထည့်ထားတဲ့ ငါးထောင်တန် တစ်ရွက် မတွေ့ဘူးလား"တဲ့။ သားကြီးက မေးတယ်။ အဲဒီအချိန် အဝတ်လျှော်တဲ့ မပြုံးက ရေကန်မှာ တဖုန်းဖုန်း လျှော်ဖွပ်နေပါပြီ။ ကျွန်တော် သူ့အနား မယောင် မလည် သွားအကဲခတ်တော့ သူက ဆတ်ဆိုထပြီး ထဘီကို ခါလို့ ပြင်ဝတ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ဘာမှမတတ်နိုင်ပါ။

ကျွန်တော်တို့ မြောက်ရွာသစ်မှာနေတုန်းက (အိမ်ငှားနေတာ အိမ်ရှင်က ကျောင်းဆရာ ဦးမျိုးချစ်) တစ်ရက် အိမ်ရှေ့က စက်ဘီးတစ်စီး ဖြတ်သွားတယ်။ ၁၉၇၀ လွန်စ နှစ်တွေမှာပါ။ အဲဒီစက်ဘီးပေါ်က ဘုတ်ဆိုပြုတ်ကျ သွားတာ ကြည့်လိုက်တော့ ကျောက်တုံးတစ်တုံး။ တော်တော် အာလူးသီးထက် ပိုကြီးမယ်။ အဲဒီကျောက်တုံးမှာ ထွင်းထားတဲ့နေရာကလေးတစ်ခု ပါတယ်။ အတွင်းမှာ စိမ်းလို့။ အဲဒီအချိန် စောစောက စက်ဘီးပြန်ရောက်ပြီး ကျောက်တုံးကို ဆတ်ခနဲ ဆွဲယူသွားတယ်။ ဘဝမှာ ရိုးသားမှုဟာ တာရှည်အသုံးခံတယ်လို့ ၂၀၁၀ လွန်စ နှစ်တွေ ရောက်တော့ သိခဲ့ရပါတယ်။

အကျွန်တို့ သနပ်ခါးလိမ်းတုန်းက
ကျောက်ပျဉ်မှာ သီးခေါက်ကိုသွေး
ပါးနှစ်ဖက်ထူပိန်းအောင်လိမ်း
တစ်ဖက်က,နေ တစ်ဖက်က,လ
မလှပေမယ့် ကျေနပ်တယ်။

၂၉. ၈. ၂၀၁၉

မော်ဒန်ပန်းချီဆရာ မောင်ဒီက သူ့စာပုဒ်ထဲမှာ သူ့ဇနီး ကျောက်ပျဉ်မှာ တရှုံရှုံ သနပ်ခါးသွေးပုံ၊ ပါးနှစ်ဖက်ကို ပါးကွက်ကွက်လိုက်ပုံ၊ သနပ်ခါးမခြောက် တခြောက် စိုတဲ့နေရာက စိုနေပုံ အိမ်ထောင်သည်အလှကို ရေးဖွဲ့သွားတာ အလွန် သရုပ်ပါလှတယ်။ (မောင်ဒီနှင့် ကျွန်ုပ် ဆုံခဲ့ဖူးပုံကို အလျဉ်းသင့်လျှင် ဖော်ပြသွားပါဦးမည်။ ဤကား စကားချပ်) မောင်ဒီဟာ ပတ်မသံကို တထိ(န်)ထိ(န်)လို့ ကြားသူဖြစ်ပါတယ်။ အနုပညာဓာတ် ကြွယ်ဝသူတစ်ယောက်ဖြစ်သလို စဉ်းစားတွေးခေါ်တဲ့ အလုပ်ကို လုပ်နိုင်သူတစ်ယောက်လည်း ဖြစ်ပါတယ်။

ဒီနေရာမှာ မဆီမဆိုင် ပြောချင်တာက နန်းတော်ရှေ့ ပြည်တော်သာတိုက်တန်းမှာနေတဲ့ အမျိုးတွေဆီ ကျွန်တော်တို့ သွားလည်ခဲ့ကြစဉ်ကအကြောင်းပါ။ ကျွန်တော်တို့က ဘဒွေးကြီးလို့ ခေါ်တဲ့ အဖေ့အစ်ကိုဆီကို သွားကြတာလေ။ ၁၉၇၀ လွန်စနှစ်တွေပါပဲ။ အဲဒီမှာ ကျွန်တော်တို့အစ်မဝမ်းကွဲ ရှိတယ်။ သူ့အလှပြင်တဲ့ နေရာဝင်ပြီး ကျွန်တော်တို့က ဆော့ကြတာ။ ကျွန်တော်က ပေါင်ဒါမှုန့်ကို ရေနံ့

mgyoe.com

mgyoe.com SAMPLE BOOK

ဖျော့်ပြီး မျက်နှာမှာ လူးတယ်။ ခြောက်သွားတော့ ဖွေးလို့။ အမေက နင်တို့ တော်တော်ဆော့တဲ့။ မလှပေမယ့် ကျေနပ်တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

အကျွန်တို့အိမ်မှာ ပုန်းညက်တွေပွင့်တုန်းက
စိမ့်စိမ့်ထူပိန်းရွက်ချပ်တွေထဲ
ဖွေးဖွေးဖြူလွလွမြင်တွေ့ရခဲ
မမလေးတစ်ယောက်
ပုန်းညက်ပင်အောက် လမ်းလျှောက်တယ်။

၂၉. ၈. ၂၀၁၉

အမရပူရမြို့အဝင် ဘုရားဝင်းအုတ်တံတိုင်းဘေးက အိမ်ခန်းကလေးတစ်ခုမှာ တစ်လလျှင် ငွေကျပ် - ၄၀၀၀၀ နဲ့ ကျွန်တော် ငှားရမ်းနေထိုင်ခဲ့စဉ်က ဖြစ်သည်။ အိမ်ရှင်လင်မယားက ဦးဖိုးကျော် ဒေါ်မြမူတဲ့။ ကျွန်တော်တို့လို နေထိုင်မှု အခက်အခဲရှိသူတွေအတွက် အိမ်တန်းလျား ဆောက်လုပ်ပြီး အခန်းဖွဲ့ကာ ငှားရမ်းနေထိုင်ခွင့်ပြုပေးသည်။ ဝင်းကျယ်ထဲ ရေကန်ရှိပြီး ရေကန်ထဲ ရေတသွင်သွင် စီးကျနေသည်။ ဝင်းကျယ်ထဲမှာ ပုန်းညက်ပင်ကြီးတစ်ပင်ရှိပြီး ကျွန်တော်ရောက်သွားတော့ အပွင့်တချို့ကို မြင်တွေ့နေရသေးသည်။ ကျွန်တော့်ကို ဆရာဟု ခေါ်လေ့ရှိသော သတင်းထောက်မလေးတစ်ယောက်လည်း ဤနေရာမှာပင်နေသည်။ သူက ခွေးပေါက်စတွေ မွေးထားပြီး ညနေစောင်းပြီဆိုလျှင် တရှုန်းရှုန်း

mgyoe.com

mgyoe.com
SAMPLE BOOK

နှင့် သူ့ထံမှာ အစာတောင်းကြပြီ။ ကျွန်တော့်ဘဝ၏ အရေးပါသော အချိုးအကွေ့ တစ်ခုတွင် ထိုသတင်းထောက်မလေးထံမှ အကူအညီများစွာ ရရှိခဲ့ပါသည်။ သူ့ဖခင်နှင့် ကျွန်တော့်ဖခင်မှာ အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်နေကြသည်ကို ကျွန်တော်တို့ မကြာခဏ ပြောလေ့ရှိကြသည်။ ကျွန်တော် အားလပ်သော နေ့ရက်များ၌ အခန်းတောင်ဘက် ရေမြောင်းဟောင်းကြီးထဲ၌ ပေါက်ရောက်နေသော ကုက္ကိုပင်ကိုင်းများထက်မှာ ပြေးလွှားနေသည့် ရှဉ့်များကို တွေ့ရသည်။ မိုးသည်းသည်းညများ၌ လျှပ်ရောင်တဝင်းဝင်းကို အခန်းထဲမှ လှမ်းမြင်ရ၏။ ခွေးပေါက်ကလေးများ တအိုင်အိုင် အော်မြည်သံကိုလည်း မိုးသံ၊ လေသံထဲမှာ ကြားနေရ၏။ မိုးသည်းသည်းရွာချိန် လျှပ်ရောင်တဝင်းဝင်း လက်ပြီဆိုလျှင် ကျွန်တော်၏ အက်ဖ်အမ်ရေဒီယိုကလေးကို ပိတ်လိုက်ရလေ့ရှိသည်။ များသောအားဖြင့် ကျွန်တော်သည် ၆၀-၀ပ် မီးအရောင်၌ မအိပ်နိုင်သေးဘဲ စာရေးနေခဲ့သည်။ ဦးဖိုးကျော် ဒေါ်မြမူတို့ အိမ်ဝိုင်းထဲက ပုန်းညက်ပင်ကြီးမှာ မိုးရေကို တစ်ညလုံး သောက်စို့ခဲ့ရ၍ စိမ်းစိုလန်းဆန်းလျက်ရှိပေသည်။ ပုန်းညက်ပွင့်ဖြူဖြူကလေးများက ဟိုမှာသည်မှာ ပင်ယံထက်၌ ပြုံးရယ်နေဟန်ပါတကား။ ကျွန်တော်သည် ပုန်းညက်ပန်းတွေ ပွင့်ချိန်မှာ စာအုပ်တစ်အုပ် ရေးသားနိုင်ခဲ့သည်။ 'အဖေနဲ့တူလို့'ဟူသော စာအုပ်တစ်အုပ်ကို ထုတ်ဝေနိုင်ခဲ့သည်။ ပန်းချီကားအချို့ကို ရေးဆွဲကာ ရန်ကုန်မြို့သို့ သွားရောက်၍ ပြသနိုင်ခဲ့သည်။ တက္ကသိုလ်ရိပ်သာလမ်းတွင် ပြုလုပ်ခဲ့သော ပန်းချီပြပွဲက ကျွန်တော် ရေးဆွဲပင်ပန်းရကျိုးနပ်ခဲ့သည်ဟု ဆိုချင်သည်။ ဒေါ်မြမူတို့အိမ်မှာ ပုန်းညက်ပန်းတွေ ပွင့်တုန်းက ဦးဖိုးကျော်တို့အိမ်မှာ ပုန်းညက်ပန်းတွေ ပွင့်တုန်းက။ ပုန်းညက်ပန်းတွေ ပွင့်တုန်းက အိမ်ရှင်လင်မယားက စတုဒိသာကျွေးသည်။ ကျွန်တော်တို့ကို ထမင်းစားဖိတ်ခေါ်သည်။ ကျွန်တော့်ကို ဆရာဟု ခေါ်လေ့ရှိသော သတင်းထောက်မလေးက လက်တစ်ဖက် မလှုပ်နိုင်ဘဲ နေမကောင်းဖြစ်နေသည်။ ကျွန်တော့်ပန်းချီပြပွဲကို ရုပ်သံမှ ထုတ်လွှင့်နေသည်။ ကဗျာဆရာအောင်ချိမ့်က ဆားမြက်တဲ့နေ့တွေဟု ရေးဖူးသည်။ ပုန်းညက်ပန်းတွေ ပွင့်တုန်းက။

◆◆◆

mgyoe.com